# အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်း - ၄

တက္ကသိုလ်ဆရာတစ်ဦး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (ကော်မရှင်)သည် အခြေခံမဲဆန္ဒရှင်စာရင်းများအား ကပ်ထားကြေညာသည့်အခါတွင် မဲဆန္ဒရှင်များ လာရောက်ကြည့်ရှုစေရေးအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၏ ပူးပေါင်းကူညီမှုကို ရယူ၍လည်းကောင်း မီဒီယာပေါင်းစုံမှ နည်းမျိုးစုံဖြင့်လည်းကောင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ဤသို့ဆောင်ရွက်ရာတွင် မဲဆန္ဒရှင်များ၊ မဲစာရင်းများကို လွယ်ကူလျင်မြန်စွာ ကြည့်ရှုနိုင်ရေးအတွက် Desktop ၊ Laptop ၊ Notebook ၊ Tablet နှင့် မိုဘိုင်းဖုန်းများဖြင့် online မှ ကြည့်ရှုနိုင်ရေးအတွက် IFES (International Foundation for Electoral System)မှ IT ပညာရှင်များ၏ အကူအညီဖြင့် ကြိုးပမ်းခဲ့ရာ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးမှ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ မြောက်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာနှင့် ထန်းတပင် - (၁၄)မြို့နယ်မှ အခြေခံမဲဆန္ဒရှင်စာရင်းများကို online မှ စမ်းသပ်ကြည့်ရှုနိုင်ပြီ ဖြစ်ပါသည်။ စိတ်ဝင်စားသူများအနေဖြင့် online မှ ကြည့်ရှုနိုင်မည့် procedure ကို အောက်တွင်ဖော်ပြလိုက်ပါသည်။

(၁) မိမိ၏ ကွန်ပျူတာ/မိုဘိုင်းဖုန်းတွင် Web Browser မှတစ်ဆင့် Website address - checkvoterlist.uecmyanmar.org ကို ရိုက်ထည့်ပါ။ ထိုအခါ ပုံ(က)တွင် ပြထားသည့်အတိုင်း ပေါ်လာမည်ဖြစ်သည်။

(၂) ယင်းစာမျက်နှာမှ "စတင်မည်" ဆိုသော နေရာကို နှိပ်ပါ။ ထိုအခါ ပုံ(ခ)တွင် ပြထားသည့်အတိုင်း ပေါ်လာပါမည်။ ထို့နောက် ပုံ(ခ)မှ မြန်မာပြည်မြေပုံတွင် သင်ကြည့်ရှုလိုသော တိုင်းဒေသကြီး/ပြည်နယ်ကို နှိပ်ပါ။ သင် ကြည့်လိုသော မြို့နယ်မှ မဲစာရင်းသည် online တွင် တင်ထားပြီဆိုပါက အစိမ်းရောင်ဖြင့် ပြသမည်ဖြစ်ပြီး မတင်ရသေးပါက မီးခိုးရောင်ဖြင့် ပြသမည်ဖြစ်သည်။ ထို့ပြင် မြေပုံ၏ ဘက်ဘက်မှ မြို့နယ်အမည်ဖြင့် ပြသထားသည့် စာရင်းတွင်လည်း online တွင် တင်ပြီးသည့် မြို့နယ်ကို အမှန်ခြစ်ဖြင့်လည်းကောင်း၊ မတင်ရသေးသည့် မြို့နယ်ကို ကြက်ခြေခတ်ဖြင့်လည်းကောင်း ပြသမည် ဖြစ်သည်။

(၃) သင်ကြည့်ရှုလိုသည့် မြို့နယ်မှ မဲစာရင်းသည် online တွင် တင်ထားပြီ ဆိုပါက မြေပုံ၏အောက်တည့်တည့်တွင်ရှိသော "မိမိအမည်ကို စစ်ပါ" ဟုရေးသားထားသည့် အစိမ်းရောင်အကွက်ကို နှိပ်ပါ။ ထိုအခါ ပုံ(ဂ)တွင် ပြထားသည့်အတိုင်း ပေါ်လာမည်ဖြစ်သည်။

(၄) ထို့နောက် ပုံ(ဂ)တွင် သင်ကြည့်လိုသူ၏ အမည်နှင့် မှတ်ပုံတင်နံပါတ်ကို ရိုက်ထည့်ပါ။ ပြီးလျှင် "ရှာဖွေပါ" ဟုရေးသားထားသည့် အပြာရောင်အကွက်ကို နှိပ်ပါ။ ထိုအခါ ပုံ(ဃ)တွင် ဖော်ပြထားသည့်အတိုင်း သင်၏ ကိုယ်ရေးအချက်အလက်များကို မဲစာရင်းတွင်ပါရှိသည့်အတိုင်း ပြသမည် ဖြစ်သည်။

(၅) အကယ်၍ မှတ်ပုံတင်မရှိလျှင်သော်လည်းကောင်း၊ မှတ်ပုံတင်နံပါတ်ကို မေ့နေလျှင်သော်လည်းကောင်း၊ မှတ်ပုံတင်နံပါတ်အစား မွေးသက္ကရာဇ်ကို ထည့်လျှင်လည်း ရသည်။ မွေးသက္ကရာဇ်ဖြင့် ကြည့်ရှုလိုပါက ပုံ(ဂ)တွင် ပါရှိသည့် မွေးနေ့ရှေ့မှ စက်ဝိုင်းကွက်ကလေးကို နှိပ်လိုက်ပါ။ ထိုအခါ ပုံ(င)တွင် ပြထားသည့်အတိုင်း ပေါ်လာပါမည်။ ထို့နောက် မိမိ၏ မွေးနေ့၊ မွေးလနှင့် မွေးသည့်နှစ်ကို ရွေးချယ်လိုက်ပါ။ ထိုအခါ ပုံ(ဃ)တွင် ပြထားသည့်အတိုင်း သင်၏ကိုယ်ရေးအချက်အလက်များကို ပြသမည်ဖြစ်သည်။

ယခုစမ်းသပ်မှုများ ချောမောအဆင်ပြေခြင်းကြောင့် နေပြည်တော်ကောင်စီနယ်မြေမြို့နယ် (၈)မြို့နယ်၏ အခြေခံမဲဆန္ဒရှင်များကို online တွင် တင်နိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယခုလာမည့် ဇွန်လ ပထမပတ် အတွင်း ကြည့်ရှုနိုင်မည် ဖြစ်ပါသည်။ ဆက်လက်၍ မကွေးတိုင်း ဒေသကြီးရှိ မြို့နယ်များ၊ မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်များနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များမှ အခြေခံမဲဆန္ဒရှင်စာရင်းများကို online မှ ကြည့်ရှုနိုင်စေရေးအတွက် ကော်မရှင်က ဆက်လက်ဆောင်ရွက်မည် ဖြစ်သည့်ပြင် မဲဆန္ဒရှင်များ မိုဘိုင်းဖုန်းများဖြင့် ပိုမိုလွယ်ကူလျင်မြန်စွာ ကြည့်ရှုနိုင်ရေးအတွက် apps နှင့် ပြသနိုင်ရန် IT ပညာရှင်များက ဆက်လက်ကြိုးပမ်းလျက် ရှိပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ

ဦးဝင်းကြည်
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နေပြည်တော်
ဖုန်း - ၀၆၇-၄၀၄၄၀၁ (ရုံး) ၀၆၇-၄၂၁၂၃၄ (အိမ်) ၀၉-၈၃၀-၄၁၃၈


UNION ELECTION COMMISSION
MYANMAR
ကြိုဆိုပါ၏
ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက်
ကြိုတင်ပြင်ဆင်လျက်ရှိရာတွင် အခြေခံမဲဆန္ဒရှင်စာရင်းအား ကွန်ပျူတာစနစ်ဖြင့်
ပြုစုခြင်းလုပ်ငန်းစဉ်ကို တစ်နိုင်ငံလုံး ဆောင်ရွက်နေပါသည်။ မဲဆန္ဒရှင်များသည် မိမိတို့၏
ရပ်ကွက်/ ကျေးရွာအုပ်စု မဲဆန္ဒရှင်စာရင်းတွင် မိမိအမည် ပါ/မပါ၊ အချက်အလက်များ
မှန်/မမှန်ကို ဤ Website တွင်ဝင်ရောက်စစ်ဆေးနိုင်ပါသည်။
စတင်မည်
in
အကူအညီ ရယူရန်

ပုံ(က)


ကျွန်ုပ်၏ အမည်ကို ရှာမည်
၁
၂
၃
အကူအညီ ရယူရန်
သင်၏မြို့နယ် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ပြီလား စစ်ဆေးပါ။
ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်လျက်ရှိရာ အခြေခံမဲဆန္ဒရှင်စာရင်းအား ကွန်ပျူတာစနစ်ဖြင့် ပြုစုခြင်းလုပ်ငန်းစဉ်ကို တစ်နိုင်ငံလုံးတွင် ဆောင်ရွက်နေဆဲဖြစ်ပါသည်။ထို့ကြောင့် ယခုအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးမှ (တောင်ဒဂုံ၊ မြောက်ဒဂုံ၊ ဒဂုံအရှေ့ပိုင်း၊ မြောက်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ သံလျင်၊ သုံးခွ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ ထန်းတပင်၊ ခရမ်း၊ ကျောက်တန်း)မြို့နယ် (၁၄) မြို့နယ်၏ အခြေခံမဲဆန္ဒရှင်စာရင်းများကိုသာ ဤဝက်ဘ်ဆိုက်တွင် ရှာဖွေနိုင်ပါလိမ့်မည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အခြေခံမဲဆန္ဒရှင်စာရင်းများကို ဇွန်လ (၈) ရက်နေ့နှင့် ဇွန်လ (၂၂) နောက်ပိုင်းတွင် ရှာဖွေကြည့်ရှုနိုင်ရန် ဆက်လက်ဆောင်ရွက်နေပါသည်။
မြို့နယ်အမည်
သာကေတ
ရေဦး
မန်တုန်
စမ်းချောင်း
ဝိ
ဟိုပုံး
သံတောင်ကြီး
THAILAND
BANGKOK
DHAKA
Andaman Sea
Leaflet | © OpenStreetMap contributors, © CartoDB
ဤမြို့နယ်အတွက် အဆင်သင့် မဖြစ်သေးပါ
မိမိအမည်ကိုစစ်မည်

ပုံ(ခ)


ကျွန်ုပ်၏ အမည်ကို ရှာမည်
၁
၂
၃
အကူအညီ ရယူရန်
မဲဆန္ဒရှင်စာရင်းပါ မိမိ၏ အချက်အလက်များကိုကြည့်မည်။
ကျေးဇူးပြု၍ သင်၏အမည် နှင့် မှတ်ပုံတင်အမှတ်အား ရိုက်ထည့်ပါ။မှတ်ပုံတင်နံပါတ်မသိရှိပါက အမည်နှင့်မွေးနေ့အား ရိုက်ထည့်ပါ။ (မွေးနေ့ကို ရက်-လ-နှစ် ပုံစံဖြင့်ရွေးချယ်ပေးပါ။)
အမည်
မှတ်ပုံတင်အမှတ်
မွေးနေ့
ရှာဖွေပါ

ပုံ(၈)

ကျွန်ုပ်၏ အမည်ကို ရှာမည် ၃ အကူအညီ ရယူရန်

# မဲဆန္ဒရှင်၏ အချက်အလက်များ

သင်၏အချက်အလက်များကို အောက်ပါအတိုင်းရှာဖွေတွေ့ရှိပါသည်။ ဤနေရာသည် သင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နေရာဖြစ်ကြောင်း မှန်ကန်မှု ရှိ/မရှိကို သေချာအောင် စစ်ဆေးပါ။ အချက်အလက်များ မှားယွင်းနေပါက သက်ဆိုင်ရာ ရပ်ကွက်၊ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင်သွားရောက်ပြင်ဆင်နိုင်ပါသည်။

| | |
|---|---|
| **အမည်** | ဒေါ်တင်မြ |
| **မွေးနေ့** | ၃၀-၀၆-၁၉၄၅ |
| **မွေးနေ့** | ၁၃၀၇, undefined လဆုတ် ၆ |
| **မှတ်ပုံတင်အမှတ်** | ၁၂/မဂဒ(နိုင်)၀၆၅၈၆၀ |
| **အဖ အမည်** | ဦးမောင်သိန်း |
| **ပြည်နယ်** | ရန်ကုန်တိုင်းဒေသကြီး |
| **ခရိုင်** | ရန်ကုန်မြောက်ပိုင်းခရိုင် |
| **မြို့နယ်** | မင်္ဂလာဒုံ |
| **ကျေးရွာ** | ထောက်ကြန့်တိုးချဲ့ရပ်ကွက် |

ပုံ(ဃ)


ကျွန်ုပ်၏ အမည်ကို ရှာမည်
အကူအညီ ရယူရန်
မဲဆန္ဒရှင်စာရင်းပါ မိမိ၏ အချက်အလက်များကိုကြည့်မည်။
ကျေးဇူးပြု၍ သင်၏အမည် နှင့် မှတ်ပုံတင်အမှတ်အား ရိုက်ထည့်ပါ။မှတ်ပုံတင်နံပါတ်မသိရှိပါက အမည်နှင့်မွေးနေ့အား ရိုက်ထည့်ပါ။ (မွေးနေ့ကို ရက်-လ-နှစ် ပုံစံဖြင့်ရွေးချယ်ပေးပါ။)
အမည်
တင်မြ
မှတ်ပုံတင်အမှတ်
မွေးနေ့
ရက် ၃၀
လ ၆
ခုနှစ် ၁၉၄၅
ရှာဖွေပါ

ပုံ(င)